# ဆယ့်နှစ်ရာသီဘွဲ့ကဗျာများ၏ သဘောသဘာဝ

မျိုးသူ

ကထိက၊ မြန်မာစာဌာန၊ မိတ္ထီလာတက္ကသိုလ်

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာစာပေနယ်ပယ်ရှိကဗျာကဏ္ဍတွင် ပါဝင်သော ဆယ့်နှစ်ရာသီဘွဲ့ကဗျာများကို လေ့လာတင်ပြ ထားခြင်းဖြစ်ပါသည်။ ဤစာတမ်း၏ ရည်ရွယ်ချက်မှာ ရာသီဘွဲ့ကဗျာများ၏ သဘောသဘာဝကို လေ့လာခြင်းအားဖြင့် မြန်မာ့ပတ်ဝန်းကျင်သဘာဝနှင့် မြန်မာ့ယဉ်ကျေးမှုဓလေ့များကို ချစ်ခင်မြတ်နိုးလာစေရန်ဖြစ်ပါသည်။ သို့မှသာ ပတ်ဝန်းကျင်သဘာဝနှင့် ယဉ်ကျေးမှုဓလေ့များကို ထိန်းသိမ်းစောင့်ရှောက်လာနိုင်စေပါသည်။ ထို့ပြင် ရာသီဘွဲ့ကဗျာများ၏ သဘောသဘာဝ နှင့်ပတ်သက်၍ ဗဟုသုတဖြစ်ဖွယ် သိရှိနိုင်ပါသည်။ ထိုသို့တင်ပြရာတွင် ဆယ့်နှစ်ရာသီဘွဲ့ ကဗျာအမျိုးအစားများကို လအလိုက် ရာသီပွဲတော်၊ နက္ခတ်တာရာ၊ ရာသီပန်း၊ ရာသီသဘာဝစသည့်ရှု့ထောင့်များမှ တင်ပြသွားပါမည်။ ထို့ကြောင့် အခြားရာသီဘွဲ့ကဗျာများကို ဆက်လက်လေ့လာလိုသူများအတွက်လည်း တစ်စုံတစ်ရာ အကျိုးကျေးဇူးရရှိမည်ဟု ယုံကြည်မိပါသည်။

**သော့ချက်ဝေါဟာရ။ ။ဆယ့်နှစ်ရာသီဘွဲ့ကဗျာများ၊ ရာသီပွဲတော်၊ နက္ခတ်တာရာ၊ ရာသီပန်း၊ ရာသီသဘာဝ။**

## နိဒါန်း

စာဆိုတို့သည် မြန်မာ့ရေမြေသဘာဝကို ချစ်မြတ်နိုးသောစိတ်၊ တန်ဖိုးထားသောစိတ်၊ မြန်မာ့ယဉ်ကျေးမှုဓလေ့တို့ကို မပျောက်ပျက်စေလိုသည့် စိတ်စေတနာတို့ဖြင့် ဆယ့်နှစ်လရာသီဘွဲ့ကဗျာများကို ဖွဲ့ဆိုခဲ့ကြပါသည်။ ဖွဲ့ဆိုရာ၌ ရာသီအလိုက်ကျင်းပကြသောပွဲတော်၊ ရာသီအလိုက်ထွန်းလင်းသောနက္ခတ်၊ ပွင့်လန်းကြသောပန်းများနှင့် ရာသီသဘာဝအလှတရားတို့ကို ရာသီဘွဲ့ကဗျာများအဖြစ် ဖန်တီးရေးဖွဲ့ခဲ့ကြပါသည်။ သို့ဖြစ်၍ သဘာဝအလှနှင့်ပြည့်စုံသော မြန်မာနိုင်ငံ၏ ရေမြေသဘာဝအလှတရားတို့ကို မြတ်နိုးနှစ်သက်ဖွယ် သိရှိခံစားလာရပါသည်။ ရာသီဘွဲ့ကဗျာများကို ရဟန်းစာဆို၊ မင်းမှုထမ်းစာဆိုများအပြင် အမျိုးသမီးစာဆိုများလည်း ပါဝင်စပ်ဆိုသီကုံးခဲ့ကြသည်ကို တွေ့ရှိရပါသည်။ ရေးဖွဲ့ရာ၌လည်း လူးတား၊ အဲချင်း၊ လေးချိုး၊ ညည်းချင်း၊ လွမ်းချင်း အစရှိသဖြင့် ကဗျာပုံသဏ္ဌာန်အမျိုးမျိုးဖွဲ့ပြခဲ့ကြပါသည်။ ဤစာတမ်းတွင် ဆယ့်နှစ်ရာသီဘွဲ့ကဗျာများ၏ သဘောသဘာဝဖြစ်သော ရာသီပွဲတော်၊ နက္ခတ်တာရာ၊ ရာသီပန်း၊ ရာသီသဘာဝတို့ကို လေ့လာတင်ပြသွားမည်ဖြစ်ပါသည်။

### ဆယ့်နှစ်ရာသီဘွဲ့ကဗျာများ၏ သဘောသဘာဝ

ရာသီဟသည်

> "တနင်္ဂနွေဂြိုဟ (နေ) ၏ သွားရာလမ်းအတိုင်း တစ်ပတ်ပြည့်အောင် လှည့်ပတ်သွားလာနေသော အချိန် ကာလကို အပိုင်းအစုခွဲခြားသတ်မှတ်ထားသော အချိန် ပိုင်းဖြစ်သည်။ နေတစ်ပတ်ပတ်ချိန် ကာလအပိုင်းအခြားကို ၁၂ပိုင်းခွဲစိတ်မှတ်သား၍ ဆယ့်နှစ်ရာသီ(သို့မဟုတ်) ဆယ့်နှစ်လဟု သတ်မှတ်ခဲ့ကြသည်။" (မြန်မာစာအဖွဲ့၊ ၁၉၇၀)

ဟု၍ဖော်ပြထားပါသည်။ မြန်မာတို့၏ဆယ့်နှစ်လဆယ့်နှစ်ရာသီသည် တစ်လနှင့်တစ်လ တစ်ရာသီနှင့်တစ်ရာသီမတူညီဘဲ ပြောင်းလဲလျက်ရှိပါသည်။ ထိုဆယ့်နှစ်လရာသီအကြောင်းကိုမိမိတို့နှစ်သက်ရာ ကဗျာပုံသဏ္ဌာန်ဖြင့်စာဖွဲ့ခဲ့ကြရာ လေးချိုး၊ လူးတား၊ တေးထပ်၊ ညည်းချင်း စသည်ဖြင့် ရာသီဘွဲ့ကဗျာများ ပေါ်ပေါက်လာခဲ့ပါသည်။

> "ရာသီဘွဲ့ကဗျာများ၏ သဘောသဘာဝနှင့်ပတ်သက်၍ ရာသီအခြေအနေ အကြောင်းအရာများတွင် ရာသီအလိုက် စန်းနှင့်ယှဉ်ပြိုင် သွားလာနေသောဂြိုဟ်၊ တာရာ၊ ကြယ်၊ နက္ခတ်များ၊ နေ၊ လ တို့၏ သွားလာထွက်ဝင်ရာလမ်း ကြောင်း၊ ရာသီအလိုက်ဖူးပွင့်ပျံ့သင်းသော ပန်းမန်များ၊ရာသီအလိုက်ခင်းကျင်းသောရာသီ ပွဲတော်များကို ပါဝင်အောင် ဖွဲ့ဆိုရလေသည်။"
> (ဦးချမ်းမြ၊ ၁၉၆၅)

ဟူ၍မိန့်ဆိုထားပါသည်။ ထို့ကြောင့် ရာသီဘွဲ့ကဗျာများ၏ သဘောသဘာဝဟူသည် ရာသီပြောင်းတိုင်းပြောင်းလဲနေသည့် နက္ခတ်တာရာများ၊ ပန်းများ၊ ဩကာသလောက၊ သတ္တလောကတို့၏အကြောင်းအရာများ၊ ရာသီအလျောက် ကျင်းပကြသည့် ပွဲတော်များစသည်တို့ပါဝင်အောင်ဖွဲ့ဆိုသီကုံးထားခြင်းဖြစ်ပါသည်။

တန်ခူးလသည် မြန်မာ့ဆယ့်နှစ်လတွင် အဦးဆုံးလဖြစ်၍ နွေဥတုတွင်ပါဝင်ပါသည်။ အလွန်ပူပြင်း၍ တန်ခူး ရေကုန်၊ ကဆုန်ရေခန်း ဆိုသကဲ့သို့ ရေတွင်းရေကန်များ ခန်းခြောက်စပြုကြပေပြီ။

တန်ခူးလ၏ရာသီသဘာဝကို အင်းဝခေတ်စာဆိုရှင်အဂ္ဂသမာဓိ၏ဘုံခန်းပျို့တွင်−

> "သန်ထောင်းလနွေ၊ ရှင်းရှင်းကြွေ၍၊ ပင်ခြေမြင့်မြင့်၊
> ခက်ဆင့်ရှိမ်းရှိမ်း၊ ရွက်စိမ်းသန့်သန့်၊ မြနှယ်ညွန့်မှူ"
> (ရှင်အဂ္ဂသမာဓိ၊ ၁၉၆၆)

ဟ၍လည်းကောင်း၊

"သုတ်ဖြူးလေတောင်း၊ နံ့သစ်လောင်းလျက်၊
တပေါင်းလည်းကျူး၊ လတန်ခူးသည်၊ ပန်းဦးပေါ်စ
လတ်လတ်တည်း" (ရှင်အဂ္ဂသမာဓိ၊ ၁၉၆၆)

ဟ၍လည်းကောင်း၊ တန်ခူးလတွင် ရွက်ဟောင်းကြွေ၍ ရွက်စိမ်းနုများဖြင့် လန်းဆန်းနေပုံ၊ တောင်လေတိုက်ခတ်သည့်အခါ ဝန်းကျင်တစ်ခွင်လုံး ရနံ့သစ်များထုံသင်းနေပုံတို့ကို ရေးဖွဲ့ထားပါသည်။ 'ခက်ဆင့်ရှိမ်းရှိမ်း' ၊'နံ့သစ်လောင်းလျက်' ဟူသောအသုံးများက သစ်ရွက်သစ်ခက်များ၏ပုံသဏ္ဌာန်၊ အရောင်အဆင်းကို မြင်ယောင်စေရုံမျှမက ရနံ့ကိုပါ ခံစားမိစေသော တန်ခူးလ၏ ရာသီသဘာဝပင်ဖြစ်ပါသည်။

ကဆုန်လသည် မြန်မာလများတွင် ဒုတိယလ ဖြစ်၍ နွေဥတုတွင်ပါဝင်ပေသည်။ နွေရာသီ၏အလယ်လဖြစ်၍ ကဆုန်နယုန်ဆွေ့ဆွေ့ခုန်ဆိုသကဲ့သို့ အပူရှိန်လွန်ကဲသောလဖြစ်သည်။ ထို့ကြောင့်မဟာအတုလမင်းကြီးက–

"နေဝန်းငယ်စက်ရှိန်၊ တောက်လောင်ငယ်ထိန်သည်၊ ဖလ်သူရိန်တေဇာကြောင့်၊ ပူဗျာပါကဲတဲ့လကိုလေး"
(လှသမိန်၊ ၁၉၆၂)

ဟူ၍လည်းကောင်း၊ မာတလိနတ်သားသည် နေမိမင်းကြီးကိုဝေဇယန္တာနတ်ရထားဖြင့် နတ်ပြည်သို့ခေါ်ဆောင်သွားသည့် လရာသီဖြစ်သော ကဆုန်လကိုဖွဲ့ရာ၌–

"ခါလည်လုလု၊ ရတုသစ်သစ်၊ သရစ်ပေါ်ပေါ်၊ သာပျော်ရွှန်းရွှန်း၊ ကိန်းခန်းသင့်မော၊ ရွက်ရင့် လျော၍၊ ရွက်ကြောနနှင့်၊ ရက်သစ်ပြန်တည့်၊ ပန်းမန်ငုံကင်း၊ သုတ်လေညင်းနှင့်၊ မြေသင်းနံ့နံ့၊ တပျံ့ပျူးပျူး၊ မင်းလွင်မြူးလျက်၊ တန်ခူးလည်းကုန်၊ လကဆုန်သည်၊ ပဇ္ဇုန်ရိုက်မည်၊ ချုန်းချုန်းတည်း" (ရှင်အဂ္ဂသမာဓိ၊ ၁၉၆၆)

ဟူ၍လည်းကောင်း ရေးဖွဲ့ထားပါသည်။ ကဆုန်လတွင် ရွက်ဟောင်းများကြွေ၍ ရွက်သစ်နုလေးများ ထွက်ပေါ်လာကြပုံ၊ လေပြည်လေညင်းများတိုက်ခတ်ပုံ၊ မြေသင်းရနံ့များသင်းပျံ့လာပုံ၊ မင်းလွင်မြူခိုးများ ဖုံးလွှမ်းနေပုံ၊ မိုးခြိမ်းသံများထစ်ချုန်းရိုက်ခတ်ပုံ စသည်ဖြင့် ရာသီသဘာဝမြင်ကွင်းများကိုပေါ်လွင်အောင်ရေးဖွဲ့ထားပါသည်။ ရွက်သစ်နုလေးများ ထွက်ပေါ်လာပုံကို 'ရွက်ကြောနနှင့်၊ ရွက်သစ်ပြန်တည့်'ဟူ၍လည်းကောင်း၊ လေပြည်လေညင်းတိုက်ခတ်ပုံကို 'သုတ်လေညင်းနှင့်'ဟူ၍လည်းကောင်း၊ မိုးခြိမ်းသံကို'ပဇ္ဇုန်ရိုက်မည်'ဟူ၍လည်းကောင်း ဖွဲ့ဆိုထားရာ ကဆုန်လရာသီသဘာဝကို စိတ်မျက်စိစိတ်နား၌ မြင်ယောင်ကြားယောင်လာစေပါသည။

နယုန်လသည် မြန်မာလများတွင် တတိယမြောက်လဖြစ်သည်။ နွေရာသီကုန်ခါနီးဖြစ်၍ တန်ခူး၊ ကဆုန်တို့လောက်မပူပြင်းပဲ ကောင်းကင်တွင်ရံဖန်ရံခါ မိုးသားများ အုံ့မှိုင်းလာတတ်ပြီး မိုးသေးမိုးဖွဲလေးများပါရွာသွန်းတတ်ပါသည်။ ထို့ကြောင့် 'နယုန်မိုးသေး မြက်သားမွေး' ဟုဆိုကြလေသည်။

ဖိုးသူတော်ဦးမင်း၏နယုန်လဘွဲ့လေးဆစ်ကဗျာတွင်

"ရွှေစာတော်ပြန်မေးလို့၊ မြတ်လေးတဲ့စံပယ်
မေထုန်ဆိုရာသီကူး၊ ပွင့်ဖူးဝတ်မှုန်နံ့၊
သင်းတော့တယ်၊ ကောင်းကင်လယ်၊
ထက်ဝယ်ဘုံက၊ ဇေဋ္ဌ ခေါ် ရွှေကြယ်မင်းငယ်၊
လင်းတဲ့ချိန်ပ"
(မင်းသုဝဏ်၊ ၂၀၁၇)

ဟူ၍ ရေးဖွဲ့ထားပါသည်။

နယုန်လတွင် ပဥ္စင်းလောင်းတော်ရှင်လောင်းတော်တို့ပြန်ဆိုသော ပိဋကတ်စာမေးပွဲကို ကျင်းပသည်။ မေထုန်ရာသီဘက်သို့ ကူးပြောင်းလာသော ဤအခါတွင် မုလေးပန်း၊ စံပယ်ပန်းတို့ ဖူးပွင့်ကြ၍ ပန်းဝတ်မှုန်တို့သည် ရနံ့သင်းပျံ့ကြသည်။ ထက်ကောင်းကင်ဘုံအလယ်တွင် ဇေဋ္ဌနက္ခတ်သည် လနှင့်ယှဉ်၍ ထွန်းလင်းတောက်ပသော အချိန်ဖြစ်ကြောင်း နယုန်လ၏ရာသီသဘာဝကို ပေါ်လွင်ထင်ရှားအောင် ဖွဲ့ဆိုထားပါသည်။ 'ရွှေစာတော်ပြန်မေး' ဟူသောအဖွဲ့က ရဟန်းသံဃာများ စာမေးစာပြန် ပြုလုပ်နေသည့် မြင်ကွင်းကို မြင်ယောင်မိစေပါသည်။

ဝါဆိုလသည် မြန်မာလများတွင် စတုတ္ထမြောက်လဖြစ်၍ နွေတစ်ပိုင်း မိုးတစ်ပိုင်း ရောနှောနေတတ်သောလဖြစ်သည်။ မိုးသည်းထန်စွာ ရွာသွန်း၍ မြစ်ချောင်းအင်းအိုင်များ၌ ရေပြည့်လျှံနေတတ်သည်။ ဝါဆိုလ၏ရာသီသဘာဝကို ဖွဲ့ဆိုထားသော မဟာအတုလမင်းကြီး၏ ဝါဆိုလဘွဲ့လွမ်းချင်းတွင်

"ကိုးခွင်ငယ်မှိုင်းပါလို့၊ မြင်တိုင်းမှာတဲ့မည်းညို
လဲ့လဲ့ငယ်စို၊ ယုဂန္ဓိုရ်တောင်မဟာက၊
ပြုဗ္ဗာသာဠ်ှ ထွန်းတဲ့လကိုလေး၊
ဆင်တာရာငယ်၊ ရာသီကရကဋ်၊
နရိန္ဒာလဲ၊ ညာတောင်နတ်နှင့်၊
ဗိုလ်မြတ်ကယ်နိဗ္ဗူ၊ အောင်ဆုယူလို့
ရှစ်ဖြူရိပ်စံ၊ ပဥ္စင်းတော်ခံသောအခါ၊
ရေလျှံသောဝါဆိုမှာ၊ ပုန်းညက်ညိုမြာလာမင်းက၊
သင်းလှုတယ်လေး" (လှသမိန်၊ ၁၉၆၂)

ဟု စပ်ဆိုခဲ့ပါသည်။

ဝါဆိုလတွင် မြင်လေရာ အရပ်မျက်နှာ၌ မိုး တိမ်မိုးသားများ မည်းညိုနေကြသည်။ ယုဂန်တောင်ထွတ်ဖျား၌ ပြုဗ္ဗာသန် နက္ခတ်သည် လပြည့်ဝန်းနှင့် အတူ ယှဉ်ပြိုင်ထွန်းလင်းချိန် ဖြစ်သည်။ ဆင်တာရာဖြစ်၍ ကရကဋ္ဋ်ရာသီ ဖြစ်သည်။ ရှေးမြန်မာမင်းများမှစ၍ ပဋ္ဌင်းတော်ခံပွဲကို နိဗ္ဗာန်ရည်စူး၍ ကျင်းပကြပါသည်။ မြစ်၊ ချောင်း၊ အင်း၊ အိုင်တို့တွင်လည်း ရေများပြည့်လျှံ၍ ပုန်းညက်ပန်းရနံ့များ သင်းပျံ့မွှေးကြိုင်သောကာလဖြစ်ပါသည်။ ထို့ကြောင့်ဝါဆိုလ၏နက္ခတ်၊ ရာသီပွဲ၊ ရာသီပန်း၊ ရာသီသဘာဝတို့နှင့်ပြည့်စုံအောင် ဖွဲ့ဆိုထားကြောင်း တွေ့ရပါသည်။

ဝါခေါင်လသည် မြန်မာလများတင် ငါးလမြောက်ဖြစ်၍မိုးဥတုတွင်ပါဝင်ပါသည်။

"ပိုင်ဒေဝရတ်၊ မိုးမင်းနတ်လည်း၊
ရဟာတ်ကယ်ရေဝှန်၊ အထန်တော်လွန်းလှချေ"
(လှသမိန်၊ ၁၉၆၂)

ဟူသော လူဦးမင်း၏ ဝါခေါင်လဖွဲ့လေးချိုးနှင့်အညီ မိုးများစွာရွာသွန်းသောလဖြစ်ပါသည်။ဝါဆို၊ဝါခေါင်ရေဖောင်ဖောင်ဟုလည်း ပညာရှင်များ မှတ်တမ်းတင်ခဲ့ကြလေသည်။

ဝါခေါင်လ၏ ရာသီသဘာဝနှင့် ပတ်သက်၍ ကင်းဝန်မင်းကြီး၏'ဝါခေါင်သိဟ်မွန်'ချိ သံပေါက်တွင်

"ဝါခေါင်သိဟ်မွန်၊ အာကာစွန်၊
သရဝဏ်ရောင်စွေးစွေး၊ ခတ္တာဖူးလျှံ၊
စာရေးတံ၊ သုံးတန်ဆောင်ဖွေးဖွေး"
(လှသမိန်၊ ၁၉၆၂)

ဟူ၍ ဝါခေါင်လသည်ကား ထက်အာကာကောင်းကင်ဘုံအစွန်းတွင် သရဝဏ်ရှေ့ကြယ်မင်း ထွန်းလင်းတောက် ပသောအခါဖြစ်ပေသည်။ သိဟ်ရာသီဝါခေါင်လတွင် ခေတ္တာပန်းတို့ ဖူးပွင့်ကြပြီး ကုသိုလ်ရေးအဖြစ် စာရေးတံမဲပွဲ ကျင်းပကြပုံကို ရေးဖွဲ့ထားပါသည်။ ဝါခေါင်လ၌ မိုးသည်းထန်ပုံကို 'ရဟာတ်ကယ်ရေဝှန်၊ အထန်တော်လွန်းလှချေ' ဟူ၍ ဖွဲ့ဆိုထားရာ ရာသီသဘာဝကို ပီပြင်စေပါသည်။

တော်သလင်းလသည် မြန်မာတို့၏ ဆယ့်နှစ်ရာသီတွင် ခြောက်လမြောက်လရာသီဖြစ်သည်။ မိုးကောင်းကင်တွင် မိုးသားများကင်းစင်၍ ကြည်လင်သာယာလှသည်။ 'တော်သလင်းနေ၊ပုစွန်သေ' ဟူသော စကားအတိုင်း နေရောင်ခြည်မှာ ပြင်းစွာထွန်းလင်းတောက်ပသည်။တော်သလင်းလသည် မြစ်နဒီတွင်းသင်ဖြူးခင်း ဟုဆိုရလောက်အောင် မြစ်ပြင်၌ လှိုင်းလေငြိမ်သက်သောရာသီဖြစ်ပါသည်။

ကိုရင်ရှင်အာဒိစ္စဆို တော်သလင်းလဖွဲ့လင်္ကာတွင်

"မွေ့မွေ့သိမ်သိမ်၊ လှိုင်းဦးနှိမ်၍
သာငြိမ်မြစ်တွင်း၊ တော်သလင်းဟု
လွတ်ကင်းပြစ်ဆာ၊ နတ်ကညာနှင့်၊
ကန်ရာသီလျှင်၊ လှေပွဲဆင်ရှင့်
ကောင်းကင်မိုးလတ်၊ ယှဉ်နက္ခတ်မှာ၊
ပြုပ္ပါပရပိုက်၊ တလိုက်ဆီးနှင်း၊
လေချိုသွင်းသည်၊ ရွှေယင်းမာပွင့်ကြိုင်ကြိုင်တည်း"
(ဦးထွန်းရီ၊ ၂၀၁၇)

ဟူ၍ တော်သလင်းလသည် မြစ်နဒီတွင်း၌ လှိုင်းလေငြိမ်သက်ကာ လှေပြိုင်ပွဲများကျင်းပကြပုံ၊ ကန်ရာသီဖြစ်ပြီး ပြုဗ္ဗာဘဒြပိုက် နက္ခတ်စန်းယှဉ်ပုံ၊ ရင်းမာပန်းများပွင့်လန်း၍ ရနံ့မှာသင်းပျံ့မွှေးကြိုင်လှပုံ စသည်ဖြင့် တော်သလင်းလ၏ ရာသီသဘာဝကို ရေးဖွဲ့ထားပါသည်။ 'မွေ့မွေ့သိမ်သိမ်၊ လှိုင်းဦးနှိမ်၍ သာငြိမ်မြစ်တွင်း' ဟူသောအဖွဲ့က တော်သလင်းလတွင် မြစ်နဒအတွင်း၌ လှိုင်းလေငြိမ်သက်ပုံကို ထင်ရှားစေပါသည်။

သီတင်းကျွတ်လသည် မြန်မာလများတွင် ခုနစ်လမြောက် ဖြစ်သည်။ မိုးနှောင်းဆောင်းဦး သာယာကြည်နူးဖွယ်ကောင်းသော လရာသီပင်ဖြစ်ပါသည်။ မိုးကုန်၍ဆောင်းသို့ကူးရန် အားပြုသောလဖြစ်သည်။ 'ဝါလကင်းလွတ်သီတင်းကျွတ်'ဆိုသည်နှင့်အညီ ဘုရားရှင်၏ ပညတ်တော်အရ ဝါဆိုသည့်ကာလကုန်ဆုံး၍ အရပ်တစ်ပါးသို့ ညဥ့်အိပ်ညဥ့်နေ လွတ်လပ်စွာ ဒေသစာရီကြွချီနိုင်သောလဖြစ်သည်။ မဟာအတုလမင်းကြီး၏ သီတင်းကျွတ်လဘွဲ့ လွမ်းချင်းတွင်

"လှိုင်လှိုင်သာသင်းတော့တယ်၊ ကန်မင်းငယ်နန္ဒာ
လျှံဝင်းငယ်ဖြာသည်၊ ပွင့်ရွှေကြာမြိုင်မြိုင်နှင့်
ကြိုင်ကြိုင်သင်းတဲ့လကိုလေး။
တူရာသီဝယ် အဿဝနီကြယ်မြတ်၊
ကျီးမင်းသိရ်လည်း၊ ရောင်ရှိန်လျှပ်လို့၊
သုဒဿကယ်နန်းလို၊ မီးမြင်းမိုရ်နှင့်
ဝါဆိုကင်းလွတ်၊ သီတင်းကျွတ်မို့၊
ဘုံထွတ်ကယ်ဥကင်၊ ဖွင့်စံပယ်ရှင်သောအခါ၊
တိုင်းခွင်ကြီးအောင်ချာမှာ၊
ဆီးမီးဝါထိန်ထိန်ဝင်းလို့ လင်းလှတယ်လေး။"
(ဦးသော်ဇင်၊ ၁၉၆၁)

ဟူ၍ ဖွဲ့ဆိုထားပါသည်။ သီတင်းကျွတ်လတွင် ကြာပန်းများပွင့်လန်း၍ မွှေးကြိုင်သင်းပျံ့နေကြောင်း တူရာသီဖြစ်ပြီး စန်းယှဉ်နက္ခတ်မှာ အဿဝနီ ဖြစ်ကြောင်း၊ ဆီမီးမြင်းမိုရ်ပွဲ ကျင်းပသောကြောင့် ဆီမီးဝါဝါ ထိန်ထိန်လင်းသော အခါသမယ ဖြစ်ကြောင်း ရာသီ

သဘာဝ ပေါ်လွင်စေပါသည်။ ကြာပန်းများ များစွာ ပွင့်လန်းပုံကို 'မြိုင်မြိုင်'၊ ကြာပန်းရနံ့များသင်း ပျံ့ပုံကို 'ကြိုင်ကြိုင်'ဟုသုံးကာ ရာသီပန်းကို ပေါ်လွင်စေသကဲ့သို့ ဆီမီးရောင်များ ထွန်းလင်းတောက်ပပုံကို 'ထိန်ထိန်' ဟုသုံးပြီး ရာသီပွဲကို ထင်ရှားစေပါသည်။

တန်ဆောင်မုန်းလနှင့်ပတ်သက်သည့် ရာသီသဘာဝကို နဝဒေးကြီး၏ရတုတွင်

ဆန်းတန်ဆောင်မုန်း၊ချမ်းစိမ့်တုန်းဝယ်

မိုးလုံးထိန်ဝါ၊ကြတ္တိကာလျှင်၊ယှဉ်လာစမြဲ

ပန်းခဝဲတို့၊ခါပွဲချိန်သင့်၊ညီစေပွင့်သို့"

(လှသမိန်၊၁၉၆၂)

ဟူ၍ တန်ဆောင်မုန်းလဆန်းသည်နှင့် ကြတ္တိကာနက္ခတ်သည် လမင်းနှင့်ယှဉ်ပြိုင်ထွန်းလင်းကာ ခဝဲပန်းတို့အချိန်သင့် အခါသင့်ပွင့်ကြသည်ကို ရေးဖွဲ့ထားပါသည်။ 'ချမ်းစိမ့်တုန်းဝယ်'ဟူသောအဖွဲ့သည်တန်ဆောင်မုန်းလ၏ ချမ်းအေးပုံကို ခံစားလာမိစေပါ သည်။

နတ်တော်လသည် မြန်မာလများတွင်ကိုးလမြောက်ဖြစ်ပါသည်။ ဝန်းကျင်တစ်ခွင်လုံးဆီးနှင်းများ အုံ့ဆိုင်းနေတတ်သည်။ တစ်ခါတစ်ရံမိုးသားများ မငြိမ်သက်ဘဲ လှုပ်လှုပ်ရှားရှား ဖြစ်နေတတ်သည်။ ထို့ကြောင့် ရှေးမြန်မာကြီးများက နတ်တော်လ၏ မိုးအခြေအနေကို 'နတ်တော်ရောက်ငြား၊ မိုးသားမငြိမ်၊ ဆင်ရာတိမ်' ဟု မှတ်တမ်းပြုခဲ့ကြသည်။ နတ်တော်လ၏ ရာသီသဘာဝကို ဖွဲ့ဆိုထားသော နတ်တော်လဘွဲ့လူးတားတွင်

"သာစွလေ။ ။မှိုင်းဝေမြရီ၊မိဂသီနှင့်၊

အညီပြည့်လ၊ရံဝန်းပလျက်၊ချမ်းမြရတု

ခေနုရာသီ၊အညီမွမ်းဖြင်၊ဂမုန်းအင်နှင့်၊

သဇင်ပွင့်ပေါ်၊လနတ်တော်ကား၊ပူဇော်ကြီးစွာ

မင်းဆရာတို့၊မဟာပိန္နဲ၊ရွှေသဲကြည်ငင်၊

တိမ်ညင်တွဲအောက်၊သွင်းအောက်ပြွမ်းပြွမ်း၊

ကျူးလုံးမွမ်းမျှ၊ဆင်ဖမ်းသဘင်၊ပျော်ပါးရွှင်သည်၊

မြေပြင်ထိန့်ရိုက်မွမ်းတည့်လေ"

(လှသမိန်၊ ၁၉၆၂)

ဟူ၍ နတ်တော်လသည် ဟေမန္တဆောင်းရာသီသို့ရောက်ပြီဖြစ်၍ နေရာအနှံ့အပြားဆီးနှင်းများဖြင့် မှိုင်းဝေရီမှောင်လျက်ရှိသည်။ လမင်းနှင့်မိဂသီနက္ခတ်တို့ အတူယှဉ်ပြိုင်ထွန်းလင်းသည်။ ခေနုရာသီဖြစ်သော နတ်တော်လတွင် ဂမုန်းပန်း၊သဇင်ပန်းများဖူးပွင့် ကြပါသည်။ မင်းဆရာပုဏ္ဏားတို့က မဟာပိန္နဲနတ်မင်းအား ပူဇော်ကန်တော့သော ခလေ့ကို ဆင်ယင်ကျင်းကြသည် နတ်တော်လတွင် ဆင်ရိုင်းဆင်ပျိုများရစေရန် အလို့ငှာ အောက်မားဆင်တို့ဖြင့် ကြဉ်းဆောင်သွေးငင်ကြသည်။ ထိုအောက်မားဆင်ကိုတိမ်ညင်ဟုခေါ်သည်။ ဆင်ဖမ်းသဘင်သည်နတ်တော်လ၏ အဓိကရာသီပွဲဖြစ်ကြောင်း ဖွဲ့ဆိုထားပါသည်။

"နတ်လသဘင်၊ ဖျင်လည်းရုံထပ်၊ ဘွဲ့မည်တပ်ပေး"

(မင်းဧယျရန္တမိတ်၊ ၂၀၁၇)

ဟူ၍ မင်းဧယျရန္တမိတ်က နတ်တော်လနှင့်ပတ်သက်၍ ဖွဲ့ဆိုထားပါသည်။ နတ်တော်လသည် နတ်ပူဇော်သည့် လလည်းဖြစ်ပါသည်။ ထိုလတွင် နန်းခလေ့ အစဉ်အလာအရ မင်းမှုထမ်းတို့အား အရည်အချင်းအလျောက် အဝတ်အကျီချီးမြှင့်သည့် ဖျင်ထပ်ပွဲ၊ ဘွဲ့မည်ရည် ချီးမြှင့်သည့် ရာသီပွဲအဖြစ် စာဖွဲ့ထားပါသည်။ နတ်တော်လတွင် ရှေးကထိုပွဲတော် ရှိခဲ့သည်ကို အထောက်အထားပြု၍ ယခုခေတ် နတ်တော်လဆန်းတစ်ရက်နေ့ကို စာဆိုတော်နေ့အဖြစ် ရွေးချယ်ခဲ့ကြခြင်းဖြစ်သည် ဟုဆိုပါသည်။

ပြာသိုလသည် မြန်မာလများတွင် ဆယ်လမြောက်ဖြစ်သည်။ ဆောင်းရာသီ၏ အလယ်လဖြစ်၍ အလွန်အေးချမ်းသော လရာသီပင်ဖြစ်သည်။
"ထောင်ပြည့်မှရောင်ခြည်လေ"ချီပြာသိုလဘွဲ့အဲချင်းတွင်

"မြန်ပြည်မှသာနိုး၊ မန်ညီုချပ်ကာ

ရွှေတန်ဆာနှင့်၊ ရတနာမြင်းခင်း

စိတ်ရှိငယ်ကျင်းသည်၊ နှင်းဖြိုးဖြိုးနှင့်

စက်ထိုးမှဟန်ယူ"

(လှသမိန်၊ ၁၉၆၂)

ဟူ၍ ပြာသိုလမြင်းခင်းသဘင်ပွဲကို ဆင်နွှဲသူများ သည် မိန်ညီုချပ်ကာစသည်တို့ အပြည့်အစုံ ဝတ်ဆင် ၍ ယှဉ်ပြိုင်ကြပုံကို ရေးဖွဲ့ထားပါသည်။

မြင်းခင်းသဘင်သည် လက်ရုံးရည်ထူးချွန်ထက်မြက်သည့် လူစွမ်းကောင်းများကို ရွေးချယ်ပေးသည့်ပွဲဖြစ်သဖြင့် နိုင်ငံတော်အတွက် အရေးပါသော ရာသီပွဲဖြစ်ပါသည်။

ဖိုးသူတော်ဦးမင်း၏ ပြာသိုလဘွဲ့ သဖြန်တွင်

"ရွှေသော်တာစန္ဒာနှင့်၊ ဖုသျှတဲ့လမ်းဆုံ၊

တိမ်လွှာမှာရောင်ဝါကျင်းလို့၊ နှစ်မင်းတူပြိုင်ပ၊

မြန်းကြွခိုက်ကြုံ"

(မင်းသုဝဏ်၊ ၂၀၁၇)

ဟု ဖုသျှနက္ခတ်သည် ပြာသိုလ၏ စန်းယှဉ်နက္ခတ်ဖြစ်ကြောင်း သိသာစေပါသည်။

တစ်ဖန် စာဆိုဦးဖက်၏ 'အောင်သဟံဇေယတုနှင့်' ချီတေးထပ်တွင်

"သည်သမယ ပြာသိုကို

ခိုင်ခွာညို၊ နွယ်မင်းတို့လေး"

(လှသမိန်၊ ၂၀၁၇)

ဟူ၍ ပြာသိုလတွင် နှယ်ပန်းခွာညိုတို့ အခိုင်လိုက်ပွင့်ကြကြောင်း ဖွဲ့ဆိုထားပါသည်။

ထို့ကြောင့် ရာသီဘွဲ့စာဆိုတို့သည် ပြာသိုလနှင့်ပတ်သက်၍ ရာသီပွဲ၊ နက္ခတ်၊ ရာသီပန်းတို့ကို သူ့နည်းသူ့ဟန်နှင့် သဘောသဘာဝပေါ်လွင်အောင် ဖွဲ့ဆိုကြသည်ကို တွေ့ရပါသည်။

တပို့တွဲလသည် မြန်မာလများတွင် ဆယ့်တစ်လမြောက်ဖြစ်သည်။ ဆောင်းရာသီ၏ နောက်ဆုံးအချိန်ပိုင်း ဖြစ်၍ အလွန်ချမ်းအေးသောလဖြစ်သည်။ နှာရည်များ ယိုတွဲအောင်၊ ကျွဲချိုဖျား ဆတ်ဆတ်ခါအောင် ချမ်းအေးသောလဖြစ်သဖြင့် 'နှာရည်ယိုရွှဲ တပို့တွဲ' ဟုလည်းကောင်း၊ 'တပို့တွဲ ကျွဲချိုဖျားဆတ်ဆတ်ခါသည်' ဟုလည်းကောင်း ရှေးမြန်မာကြီးတို့ဆိုခဲ့ကြသည်။ တပို့တွဲလနှင့် ပတ်သက်၍ ဦးယာ၏ 'နှစ်သိန်းစက်ခန်း' ချီတပို့တွဲလ လူးတားတွင်

"မာဃသည်ခါ၊ သုံးလူ့ချာကို

ရှိန်ဝါရောင်ညီး၊ မီးပုံးပူဇော်၊

လှူတော်မူမြဲ၊ ရာသီပွဲ"

(လှသမိန်၊ ၂၀၁၇)

ဟူ၍ မာဃနက္ခတ် ထွန်းလင်းသော တပို့တွဲလတွင် မြတ်စွာဘုရားရှင်အား မီးပုံးပွဲပူဇော်ပုံကို ဖွဲ့ဆိုထားပါသည်။ ထို့ပြင် ဖိုးသူတော်ဦးမင်း၏ သဖြန့်တွင်

"ရာသီချိန်ခါရောက်လို့၊ လဲပေါက်ကယ်တဲ့ပွင့်ညီ"

(မင်းသုဝဏ်၊ ၂၀၁၇)

ဟူ၍လည်းကောင်း၊ တပို့တွဲလအချိန်အခါရောက်သည်နှင့်ပေါက်ပန်း၊ လဲပန်းတို့ရာသီနှင့်အညီပွင့်ကြကြောင်းကို ဖွဲ့ဆိုထားပါသည်။

ထို့ကြောင့် တပို့တွဲလတွင် ပေါက်ပန်း၊ လဲပန်း၊ ဆူးပန်းတို့ဖူးပွင့်ကြကြောင်း၊ မီးပုံးပွဲကျင်းပ၍ဘုရားရှင်ကိုပူဇော်ကြကြောင်း၊ မြန်မာ့ရိုးရာဓလေ့ ထမနဲထိုးပွဲကျင်းပကြကြောင်း မာဃနက္ခတ် ထွန်းလင်းကြောင်း စသည်ဖြင့် တပို့တွဲလနှင့်ပတ်သက်၍ စာဆိုတို့ကစိတ်ဝင်စားဖွယ် ဖွဲ့ဆိုခဲ့ကြပါသည်။ ထိုသို့ဖွဲ့ဆိုရာတွင် စာဆိုတို့သည် ရာသီပန်းကိုပို၍ အသားပေးဖွဲ့ဆိုကြသည်ကို တွေ့ရပါသည်။

တပေါင်းလသည် မြန်မာလများတွင် ဆယ့်နှစ်လမြောက်လဖြစ်၍ တစ်နှစ်တာ၏နောက်ဆုံးလဖြစ်သည်။ တပေါင်းလ၏ ပထမလဝက်သည် ဆောင်းရာသီတွင်ကျရောက်၍ ဒုတိယလဝက်သည် နွေရာသီတွင်ကျရောက်သောကြောင့် ဆောင်းအကုန် နွေအကူးသာယာလှပသော လရာသီဖြစ်ပါသည်။ ဤသို့ဆောင်းတစ်ဝက် နွေတစ်ဝက်လ ဖြစ်သောကြောင့်

"သာသည်ညင်းညင်း၊ မြောက်လေကြွင်းနှင့်၊

ဆီးနှင်းမကုန်၊ ပူဟုန်မသည်း"

(ရှင်အုန်းညို ၊ ၁၉၄၈)

ဟု အင်းဝခေတ်စာဆိုကျော် ရှင်အုန်းညိုက ဖွဲ့ဆိုခဲ့ပါသည်။ တပေါင်းလသည် နေ့အခါတွင်အတော်အသင့်ပူလာပြီး ညအခါတွင်မူ မြောက်လေညင်းနှင့်ဆောင်းနှင်းကြွင်းတို့ ရှိဆဲဖြစ်၍ ဆောင်းရိပ်ဆောင်းငွေ့မပြေသေးဘဲ အေးလျက်ပင်ရှိကြောင်း ဖွဲ့ဆိုထားပါသည်။ အလွန်ပူပြင်းခြင်းမရှိပုံကို 'ပူဟုန်မသည်း'ဟူ ၍ ဖော်ကျူးထားရာ ရာသီသဘာဝပီပြင်လသည်ဟု သုံးသပ် မိပါသည်။

ဦးမောင်ကလေး၏ 'မြသွေးအခံပင်ယံစိမ်းမှာ' ချီ တေးထပ်တွင်

"ဘရဂုဏ္ဏီပွင့်၊ ယုန်နှင့်ချိန်တာရာ

မိန်ဦးသာတင့်စွာ"

(လှသမိန်၊ ၁၉၆၂)

ဟူ၍ တပေါင်းလတွင် စန်းယှဉ်နက္ခတ်နှင့် ချိန်ခွင်တာရာတို့ ထွန်းလင်းကြောင်း ဖွဲ့ဆိုထားပါသည်။ ထို့ပြင် မဟာအတုလမင်းကြီး၏

"မြိုင်ခြေငယ်သင်းပါလို့၊ အင်ကြင်းငယ်ရွှေဖီ၊

ဝတ်မှုန်ငယ်စီသည်'

(လှသမိန်၊ ၁၉၆၂)

ဟူ၍ အင်ကြင်းပန်းနှင့် သရဖီပန်းတို့၏ ရွှေဝါရောင်ဝတ်မှုန်ရနံ့လေးများသည် တောမြိုင်ခြေတစ်လျှောက်သင်းပျံ့နေကြောင်း ဖွဲ့ဆိုထားပါသည်။

ထို့ကြောင့် သရဖီပန်းတို့ပွင့်လန်းကြကြောင်း၊ထက်ကောင်းကင်၌ ဥတ္တရာဘရဂုဏ်နက္ခတ်နှင့် လမင်းတို့ယှဉ်ပြိုင်ထွန်းလင်းကြကြောင်း၊မြစ်ချောင်းသဲသောင်များတွင် သဲခုံများပေါ်ထွန်း၍ ထိုသဲများဖြင့် စေတီပုံတည်ကာ ပူဇော်ကြကြောင်း စသည်ဖြင့် တပေါင်းလ၏ သဘောသဘာဝကို ပေါ်လွင်စွာဖွဲ့ဆိုထားသည်ကို သိမြင်နိုင်ပါသည်။

ဤသို့ဖြင့် ဆယ့်နှစ်ရာသီဘွဲ့ကဗျာများ၏ သဘောသဘာဝကို လေ့လာကြည့်လျှင် စာဆိုတို့သည် ရာသီသဘာဝကို မိမိတို့တွေ့မြင်သမျှ ကဗျာစပ်ဆိုခဲ့ကြပြီး စာဖတ်သူတို့ကိုသုတရသပေးခဲ့ကြသည်။တစ်လမှတစ်လသို့ ကူးပြောင်းသွားတိုင်း ပြောင်းလဲသွားသော တောတောင်ရေမြေသဘာဝ၊ ဖူးပွင့်ကြသောရာသီပန်းများ ရာသီအလိုက်ကျင်းပကြသောပွဲတော်များ၊နက္ခတ်တာရာတို့၏သဘောသဘာဝ အစရှိသဖြင့် ကဗျာလင်္ကာတို့တွင် ထည့်သွင်းရေးဖွဲ့ကြသည်ကိုတွေ့ရပါသည်။ ထိုကဗျာတို့ကိုလေ့လာဆန်းစစ်ခြင်းဖြင့် ဆယ့်နှစ်လရာသီဘွဲ့ကဗျာများ၏ သဘောသဘာဝကို မြင်တွေ့နိုင်ပါသည်။ ဆယ့်နှစ်ရာသီဘွဲ့ကဗျာများတွင် စာဆိုတို့၏ စတ်ကူးဉာဏ်ဆန်းကြယ်ပုံ၊စကားလုံးရွေးချယ်သုံးနှုန်းပုံများမှ

အရောင်တူအဆင်ကွဲကဗျာဉာဏ်ကိုပါ တွေ့မြင်နိုင်ပါသည်။ သို့သော် ယေဘုယျအားဖြင့် ဆယ့်နှစ်ရာသီဘွဲ့ကဗျာများ၏ သဘောသဘာဝတွင်မူ ရာသီအလိုက်ကျင်းပသောပွဲတော်များ၊နက္ခတ်တာရာ၊ရာသီအလိုက်ပွင့်သောပန်းများနှင့် ရာသီသဘာဝတို့ ပါဝင်မှသာလျှင် ဆယ့်နှစ်ရာသီဘွဲ့ ကဗျာများ၏ သဘောသဘာဝပီသသည်ဟုဆိုနိုင်ပါသည်။

## ခြုံငုံသုံးသပ်ချက်

ရာသီဘွဲ့စာဆိုများ ရေးဖွဲ့ထားသော ဆယ့်နှစ်ရာသီဘွဲ့ကဗျာများမှာ ကဗျာပုံစံအမျိုးမျိုးဖြစ်ပါသည်။ ထိုကဗျာပုံစံအမျိုးမျိုးတွင် ဆယ့်နှစ်ရာသီနှင့် ပတ်သက်၍ ရာသီအလက်ကျင်းပကြသော ပွဲတော်များ၊ နက္ခတ်တာရာများ၊ ပွင့်လန်းလာသော ရာသီပန်းများနှင့် ရာသီသဘာဝအကြောင်းတို့ကို နှစ်သက်ဖွယ် ဖြစ်အောင်ဖွဲ့ဆိုထားပါသည်။

ရာသီပွဲတော်များတွင် ဘာသာရေး နှင့် ဆက်နွယ်နေသော ပွဲတော်များ ပါဝင်သကဲ့သို့ နိုင်ငံတော်ကာကွယ်ရေးအတွက် အရေးပါသည့် ပတော် များလည်းပါဝင်ပါသည်။ နက္ခတ်တာရာတွင် နေယှဉ် နက္ခတ်နှင့် စန်းယှဉ်နက္ခတ် ဟူ၍ရှိရာ စန်းယှဉ်နက္ခတ် ကို အဓိကထား ဖွဲ့ဆိုကြပါသည်။ စာဆိုတို့၏ နက္ခတ်နှင့် ပတ်သက်၍ ကျွမ်းကျင်မှုရှိသည့် စာပေ အရည်အသွေးကို လေးစားဖွယ်တွေ့ရှိရပါသည်။ ရာသီပန်းကို ဖွဲ့ဆိုရာ၌ အပွင့်နှင့် အရောင်အဆင်းကို ဖွဲ့ဆိုသကဲ့သို့ ရနံ့သင်းပျံ့ပုံကိုလည်း ဖွဲ့ဆိုကြပါသည်။

ရာသီသဘာဝအခြေအနေကို ဖွဲ့ရာတွင် အခါရာသီအလျောက်သစ်ပင်တို့ အသွင်ကူးပြောင်းသွားကြပုံကို သစ်ရွက်တို့ အဟောင်းအသစ်ပြောင်းလဲပုံ၊ ရွက်ဟောင်းများကြွေကျပုံ၊ ရွက်သစ်နုများ ထွက်လာပုံတို့ဖြင့် ရာသီသဘာဝကိုပီပြင်အောင် ဖွဲ့ဆိုခဲ့ကြ သည်။ မိုးရာသီ၏ သဘာဝအခြေအနေကို ဖွဲ့ရာတွင် ကောင်းကင်၌ မိုးသားမိုးတိမ်တို့ မည်းမှောင်နေပုံ၊ လျှပ်စီးလက်ပုံ၊ မိုးခြိမ်းသံကြားရပုံ၊ မိုးသည်းထန်စွာရွာသွန်းပုံတို့ကိုဖွဲ့ဆိုခဲ့ကြပါသည်။ ဆောင်းရာသီ၏ သဘာဝအခြေအနေကို မြူနှင်းများကျဆင်းပံ၊ ချမ်းအေးပုံတို့ဖြင့်သရုပ်ဖော်ခဲ့သည်။ထိုသို့ရာသီအလျောက်ဖြစ်ရိုးဖြစ်စဉ် သဘာဝအခြေအနေ များကို မြင်ယောင်လာအောင်သရုပ်ဖော်ခဲ့ရာ ပီပြင်မှု ရှိကြောင်း တွေ့ရသည်။

ဤသို့ဖြင့် ရာသီဘွဲ့စာဆိုတို့သည် ပတ်ဝန်းကျင် ရှိသဘာဝအလှတရားတို့ကို မိမိတို့၏စိတ်ကူးဉာဏ်ဖြည့်စွက်၍ ချစ်မြတ်နိုးစရာဖြစ်အောင် ဖန်တီးခဲ့ကြပါသည်။ ထို့ကြောင့် ပတ်ဝန်းကျင်သဘာဝကို တန်ဖိုးထားမြတ်နိုးကာ ထိန်းသိမ်းလိုစိတ်များ ဖြစ်လာနိုင်ပါသည်။

## နိဂုံး

ဆယ့်နှစ်ရာသီဘွဲ့ကဗျာများသည် ခေတ်အဆက်ဆက်မြန်မာစာပေ သမိုင်းတွင် စာပေမှတ်တိုင်တစ်ခုအဖြစ်ရပ်တည်နိုင်ခဲ့ပါသည်။ ဆယ့်နှစ်ရာသီဘွဲ့ကဗျာများ၏ သဘောသဘာဝနှင့်အတူ မြန်မာ့ရေမြေ တောတောင်သဘာဝ အလှအပများကို ထိန်းသိမ်းလိုစိတ်နှင့် ရှေးရိုးအစဉ်အလာကောင်းများကို လိုက်နာကျင့်သုံးနိုင်ရေးအတွက် အထောက်အကူ ပြုနိုင်ခဲ့ပါသည်။ ထို့ကြောင့်ပင် ဆယ့်နှစ်ရာသီဘွဲ့ကဗျာများ၏ အခန်းကဏ္ဍသည်ယနေ့ထက်တိုင် ထွန်းလင်းတောက်ပနေခဲ့ခြင်းဖြစ်ပါသည်။

## ကျမ်းကိုးစာရင်း


ချမ်းမြ၊ ဦး။ (၁၉၆၅)။ *ဦးယာ၏ ဆယ့်နှစ်ရာသီဘွဲ့လူးတား*။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။ (စာ–နိဒါန်း)

ထွန်းရီ၊ ဦး။ (၂၀၁၇)။ *ကဗျာ့ရိပ်မြုံ စာပန်းရဂုံ*။ မန္တလေး၊ စိတ်ကူးချိုချို ပုံနှိပ်တိုက်။ (စာ–၅၅)

မင်းဇေယျရန္တမိတ်။ (၁၉၄၇)။ *မင်းရဲနရာချောင်း*။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။ (စာ–၁၄)

မင်းသုဝဏ်။ (၂၀၁၇)။ *ဖိုးသူတော်ဦးမင်း၏သဘာဝပြကွဒိန်နှင့်အခြားစာများ*။ မန္တလေး၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်။ (စာ–၁၉၊ ၉၁၊ ၈၅)

မြန်မာစာအဖွဲ့။ (၁၉၇၀)။ *မြန်မာအဘိဓာန်*။ ရန်ကုန်၊ မြန်မာစာအဖွဲ့ ဦးစီးဌာန။ (စာ–၇၈)

လှသမိန်။ (၁၉၆၂)။ *ဆယ့်နှစ်ရာသီဘွဲ့ပေါင်းချုပ်*။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။ (စာ–၂၅၊၂၆၊၃၂၊၃၉၊၄၈၊၇၆၊၉၅၊၁၁၉၊ ၁၄၃၊ ၁၅၀)

သော်ဇင်၊ ဦး။ (၁၉၆၇)။ *ရာသီသဘင်*။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။ (စာ–၅၇)

အေးနိုင်၊ ဦး(ဘီအေ)။ (၁၉၈၀)။ *ဆယ့်နှစ်ရာသီမြန်မာ့ရိုးရာရာသီပွဲတော်များ*။ ရန်ကုန်၊ သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်။ (စာ–၄၉၊၆၀)

အဂ္ဂသမာဓိ၊ ရှင်။ (၁၉၆၆)။ *နေမိဘုံခန်းပျို့*။ ရန်ကုန်၊ မြန်မာနိုင်ငံဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်။ (စာ–၂၀)